# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း) တို့ ပူးပေါင်း၍ အနာဂတ်တွင် ပိုမိုလိုအပ်လာမည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေးပြီး ကျွမ်းကျင်စွာ လုပ်ကိုင်တတ်ရန်နှင့် လူငယ်များအတွက် အသက်မွေးပညာရပ်များ လေ့လာသင်ယူနိုင်ရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးရန် ရည်ရွယ်ပြီး **ဂဟေဆက်နည်းပညာသင်တန်းကျောင်း** ကို ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါသင်တန်းကျောင်းတွင် **3G ဂဟေဆက်သင်တန်း အမှတ်စဉ် (၁) အား** အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

**သင်တန်းဖွင့်လှစ်မည့်ရက်။** ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်။

**သင်တန်းနေရာ။** ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (ယခင်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ကျောင်း ဂိတ်မှတ်တိုင်အနီး)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန် မြို့နယ်။
ဖုန်း - ၀၁-၆၄၅၇၅၉

**သင်တန်းကာလ။** (၈) ပတ်။

၂။ သင်တန်းတစ်ခုလျှင် သင်တန်းသား (၁၅) ဦးစီ လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-

(က) နဝမတန်း အောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တ ကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေး ရှိရပါမည်။

(ဂ) သင်တန်းတက်ခွင့် ရသောနေ့တွင် အသက် (၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင် ကျွမ်းကျင်သောသင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချပေးမည်ဖြစ်ပြီး သင်တန်းစာမေးပွဲအောင်မြင်သူများမှာ အသိအမှတ်ပြု အောင်လက်မှတ် (NSSA Level-1 certificate) ရရှိမည် ဖြစ်ပါသည်။

၅။ ရတနာ ဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေး အခမဲ့ ဖြစ်ပြီး အသိအမှတ်ပြု အောင်လက်မှတ်ရ ထူးချွန်သော သင်တန်းသားများကို လက်တွေ့ လုပ်ငန်းခွင် သင်တန်း(၆)လတက်နိုင်ရန် ကုမ္ပဏီများနှင့်ချိတ်ဆက် ဆောင်ရွက်ပေးပါမည်။ လက်တွေ့ လုပ်ငန်းခွင်သင်တန်း တက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလ တစ်လျှောက် သင့်လျော်သောထောက်ပံ့ကြေး ပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း (အောင်ဆန်း) တွင် ၂၄.၁၀.၂၀၁၆ ရက်နေ့မှစတင်၍ နံနက် (၉း၃၀) မှ ညနေ (၄) နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ၂" x ၂" ရောင်စုံဓါတ်ပုံ (၂) ပုံ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်း အတွက်ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၄.၁၁.၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည် လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း (အောင်ဆန်း)၊ ဖုန်း ၀၁-၆၄၅၇၅၉ သို့ ရုံးချိန်အတွင်း (နံနက် ၉း၃၀ မှ ညနေ ၄း၀၀ နာရီအတွင်း) စုံစမ်းနိုင်ပါသည်။